ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
ညွှန်ကြားချက်အမှတ် ( ၂/၂၀၂၃ )
၁၃၈၄ ခုနှစ် တန်ခူးလဆန်း ၁၁ ရက်
၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ ရက်

# မဖြစ်မနေစုဆောင်းငွေနှင့်ဆန္ဒအလျောက်စုဆောင်းငွေလက်ခံခြင်းဆိုင်ရာ ညွှန်ကြားချက်

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီသည် အသေးစားငွေရေးကြေးရေး လုပ်ငန်းဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ (ခ) အရအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ၈-၃-၂၀၂၃ ရက်နေ့တွင် ကျင်းပသော အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃) အစည်းအဝေးဆုံးဖြတ်ချက်အရ ဤညွှန်ကြားချက်ကိုထုတ်ပြန်လိုက်သည်။

၂။ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများသည် အသင်းသားများထံမှ စုဆောင်းငွေ လက်ခံခြင်းနှင့် စပ်လျဉ်း၍အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) မဖြစ်မနေစုဆောင်းငွေ (Compulsory Saving)

(၁) အသင်းသား၏ မဖြစ်မနေစုဆောင်းငွေကို လက်ခံ ဆောင်ရွက်ပေးရန်နှင့် မဖြစ်မနေ စုဆောင်းငွေကိုထုတ်ချေးငွေ၏ ၅ % ထက်ကျော်လွန် ၍ လက်ခံခြင်း မပြုရန်၊

(၂) အသင်းသားကရယူထားသည့် ချေးငွေအပြီးအပြတ်ပေးဆပ်ပြီးချိန်တွင် လက်ခံ ထားသည့် မဖြစ်မနေစုဆောင်းငွေကိုပြန်လည်ထုတ်ပေးရန်၊

(၃) အသင်းသားက မဖြစ်မနေစုဆောင်းငွေကို ဆက်လက်ထားရှိလိုပါက အပ်ငွေ လက်ခံသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် ယင်း စုဆောင်းငွေ ကို အသင်းသား၏ ဆန္ဒအလျောက်စုဆောင်းငွေအဖြစ် ပြောင်းလဲ ထည့်သွင်း ပေးရန်၊

(ခ) ဆန္ဒအလျောက်စုဆောင်းငွေ (Voluntary Saving)

(၁) အပ်ငွေလက်ခံသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် အသင်းသား ၏ ဆန္ဒအလျောက်စုဆောင်းငွေကိုအများဆုံး ကျပ်သိန်း (၁၀၀) အထိ လက်ခံ ဆောင်ရွက်ရန်၊

(၂) အသင်းသားများထံမှ ဆန္ဒအလျောက် စုဆောင်းငွေလက်ခံခြင်းကို သတ်မှတ် ထားသော (Solvency Ratio) ထက်ကျော်လွန်၍ လက်ခံဆောင်ရွက်ခြင်း မပြုရန်၊

(၃) ဆန္ဒအလျောက်စုဆောင်းငွေကို လက်ရှိအသင်းသား(Active Clients)များ ထံမှ သာ လက်ခံရန်နှင့် အသင်းဝင်မဟုတ်သည့်အများပြည်သူထံမှအပ်ငွေ (Deposit) လက်ခံခြင်းမပြုရ။

(၄) ဆန္ဒအလျောက် စုဆောင်းငွေအား အသင်းသားက ပြန်လည်ထုတ်ယူလိုလျှင် အချိန်နှင့်တစ်ပြေးညီပြန်လည်ထုတ်ပေးရန်၊

(၅) အပ်ငွေလက်ခံသော အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းသည် ဆန္ဒအလျောက် စုဆောင်းငွေလက်ခံမှု၊ သုံးစွဲမှုများနှင့် ပတ်သက်သည့် စာရင်းများကို ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးချိန်တွင်စနစ်တကျ စစ်ဆေးခံရန်၊

(၆) အသင်းသားများထံမှ ဆန္ဒအလျောက်စုဆောင်းငွေများ လက်ခံရာတွင် AML/CFT ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ အသင်းသားအားသိရှိခြင်း (Know your customer)၊ အလေးထားစောင့်ကြည့်ခြင်း (Customer Due Diligence–CDD) ၊ နှင့် တိုးမြှင့်စောင့်ကြည့်ခြင်း (Enhanced Due Diligence–EDD) လုပ်ငန်းစဉ်များကို စိစစ်ဆောင်ရွက်ရန်။

၃။ မဖြစ်မနေစုဆောင်းငွေနှင့် ဆန္ဒအလျောက်စုဆောင်းငွေများအပေါ် ပေးရမည့်အတိုးနှုန်းကို အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီ ညွှန်ကြားချက်အမှတ်(၁/၂၀၁၉)ပါ သတ်မှတ်ချက် အတိုင်းတွက်ချက်ရမည်။

၄။ ဤညွှန်ကြားချက်သည် ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိစေရမည်။

ဝင်းရှိန်
ဥက္ကဋ္ဌ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက – ၁ / ၆ (၂၁၁ /၂၀၂၃ )
ရက်စွဲ ၊၂၀၂၃ ခုနှစ်၊မတ်လ ၃၁ ရက်

ဖြန့်ဝေခြင်း

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီများအားလုံး

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီများအားလုံး

ညွှန်ကြားရေးမှူးများ၊အထက်မြန်မာပြည်/အောက်မြန်မာပြည်ကြီးကြပ်စစ်ဆေးရေးရုံး၊ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

ပြည်ထောင်စုနယ်မြေနေပြည်တော်၊တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ၊ ငွေရေးကြေးရေးကြီးကြပ် စစ်ဆေးရေးဦးစီးဌာန

မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးလုပ်ငန်းများ ကူညီရေးအသင်း

အသေးစားငွေရေးကြေးရေးလုပ်ငန်းအဖွဲ့အစည်းများအားလုံး

အမိန့်အရ

(ဇော်နိုင်)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ